စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၆/ ၂၀၂၄)　　　　　၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၂) ရက်

| ၂၂ - ၂ - ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၈၂.၃ |
| စင်္ကာပူဒေါ်လာ | ၁၅၆၆.၆ |
| စတာလင်ပေါင် | ၂၆၆၆.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၃၉၇.၇ |
| တရုတ်ယွမ် | ၂၉၂.၀၅ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၄၉ |
| အိန္ဒိယရူပီး | ၂၅.၃၂၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၄၄ |
| မလေးရှားရင်းဂစ် | ၄၄၀.၀၂ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၆၁ |
| ထိုင်းဘတ် | ၅၈.၆၈၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၃၈၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် သစ်သီးဈေးနှုန်းများ မြင့်မားခဲ့သည့်အတွက် ပြည်ပမှအအေးခဲသစ်သီးများ တင်သွင်းမှုမှတ်တမ်းတင်ဖွယ် မြင့်မားခဲ့
- အိန္ဒိယအစိုးရမှ သီးနှံငါးမျိုးအား လာမည့် (၅) နှစ်အထိ အာမခံဈေးနှုန်းဖြင့် ဝယ်ယူသွားရန် ဆန္ဒပြတောင်သူများအား အဆိုပြုပြောကြား
- အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်ပို့မှု ၁၉ ရာခိုင်နှုန်းမြင့်တက်ကာ အစေ့အနံ့တင်ပို့မှု ၂၅ ရာခိုင်နှုန်းကျဆင်း
- ကြက်သွန်နီပြည်ပတင်ပို့မှု ပြန်လည်ခွင့်ပြုသွားမည့် အိန္ဒိယနိုင်ငံ
- ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားထုတ်လုပ်မှုကျဆင်းကာ ကမ္ဘာ့သကြား ဈေးနှုန်းများမြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ခန့်မှန်း
- အိန္ဒိယသည် နိုင်ငံအချို့သို့ ကြက်သွန်နီတင်ပို့မှုအား ခွင့်ပြု
- အိန္ဒိယသည် အချို့သော ဆန်မျိုးကွဲများအတွက် HSN Code များ ဖော်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အအေးခဲထားသော အုန်းရည်ထုတ်ကုန်များနှင့်ပတ်သက်၍ သတိပေးချက် ထုတ်ပြန်လိုက်

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreements-FTA) များ (၂၉) ခုအထိ ရှိလာ

- တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်သစ်မော်တော်ယာဉ်ရောင်းချမှုကို လွှမ်းမိုးထား
- တရုတ်နိုင်ငံ၏ ဗဟိုဘဏ်သည် နိုင်ငံခြားဗဟိုဘဏ်များနှင့် ငွေကြေးလဲလှယ်မှု သဘောတူညီချက် (၄၀)ခုကို လက်မှတ်ရေးထိုးထား

## ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် သစ်သီးဈေးနှုန်းများ မြင့်မားခဲ့သည့်အတွက် ပြည်ပမှအအေးခံသစ်သီးများ တင်သွင်းမှု မှတ်တမ်းတင်ဖွယ် မြင့်မားခဲ့

၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် သစ်သီးဈေးနှုန်းများ မြင့်မားခဲ့သည့်အတွက် ပြည်ပမှအအေးခံသစ်သီးများ တင်သွင်းမှုသည် မှတ်တမ်းတင်ဖွယ် မြင့်မားခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံ၊ ကျေးလက်ဒေသစီးပွားရေးတက္ကသိုလ် (Korea Rural Economic Institute) က ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း ပြည်ပမှ အအေးခံသစ်သီးတင်သွင်းမှုသည် ၆ ရာခိုင်နှုန်းမြင့်မားလာခဲ့ပြီး တန်ချိန် ၆၄,၀၀၀ အထိရောက်ရှိခဲ့ပါကြောင်း၊ ပြည်တွင်း၌ထွက်ရှိသော သစ်သီးများရောင်းလိုအား လျော့ကျပြီး ဈေးနှုန်းမြင့်မားမှုရာခိုင်နှုန်း ကြီးမြင့်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ စားသုံးသူများတတ်နိုင်သည့် ဈေးနှုန်းတွင်ရှိနေသည့် အအေးခံသစ်သီးများကိုဝယ်လိုအားမြင့်မားလာသည့်အတွက် ဝယ်ယူတင်သွင်းမှု မြင့်မားရခြင်းဖြစ်ပါကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ပြည်တွင်း၌ထွက်ရှိသော သစ်သီးများအနက် ပန်းသီးဈေးနှုန်းသည် ၂၄.၂ ရာခိုင်နှုန်း မြင့်မားလာခဲ့ပြီး လိမ္မော်သီးဈေးနှုန်းသည် ၁၉.၁ ရာခိုင်နှုန်း မြင့်မားလာခဲ့ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းထွက်ကုန်များ ဈေးနှုန်းသည်လည်း ၃.၁ ရာခိုင်နှုန်း မြင့်မားခဲ့ပါကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အဆိုပါ Institute က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စားသုံးသူဦးရေ ၅၀၀ ကို စစ်တမ်းကောက်ယူခဲ့မှုအရ ၃၈ ရာခိုင်နှုန်းသော စားသုံးသူများသည် အအေးခံသစ်သီးများကို ကြာရှည်ခံ ထိန်းသိမ်းထားရန်လွယ်ကူသည့်အတွက် ဝယ်ယူခြင်းဖြစ်ပါကြောင်း ဖြေကြားခဲ့ကြပြီး ၂၂ ရာခိုင်နှုန်းသော စားသုံးသူများကမူ ဈေးနှုန်းပိုမိုသက်သာသည့်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ အအေးခံသစ်သီးများအနက် အအေးခံဘလူးဘယ်ရီသီးကို နှစ်သက်သူ ၃၀ ရာခိုင်နှုန်းရှိပြီး အအေးခံသရက်သီး နှစ်သက်သူ ၂၂ ရာခိုင်နှုန်းရှိပါကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

Source: https://www.koreatimes.co.kr/www/biz/2024/02/175_368971.html

……………………………………………………………………………………………

## အိန္ဒိယအစိုးရမှ သီးနှံငါးမျိုးအား လာမည့် (၅) နှစ်အထိ အာမခံဈေးနှုန်းဖြင့်ဝယ်ယူသွားရန် ဆန္ဒပြတောင်သူများအား အဆိုပြုပြောကြား

အိန္ဒိယအစိုးရအနေဖြင့် လတ်တလောဖြစ်ပေါ်လျက်ရှိသော တောင်သူလယ်သမားများမှ ဆန္ဒပြပွဲများကို ရပ်တန့်ရန်အလို့ငှာ သီးနှံငါးမျိုးအား လာမည့် (၅) နှစ်တာကာလအတွင်း အာမခံဈေးနှုန်းဖြင့် ဝယ်ယူသွားရန် အဆိုပြုပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါသီးနှံ ငါးမျိုးမှာ ဝါ၊ ပြောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲနီလေးတို့ဖြစ်ကြသည်။ တောင်သူလယ်သမားများအနေဖြင့် အဆိုပါ သီးနှံများကို သတ်မှတ်ဈေးအတိုင်း အစိုးရထံ အရေအတွက်ကန့်သတ်ချက်မရှိပဲ ရောင်းချသွားနိုင်မည်ဖြစ်သည်။

သို့သော် တောင်သူလယ်သမားများအနေဖြင့် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းဥပဒေသည် သီးနှံအမျိုးအစားအားလုံးကို လွှမ်းခြုံမှုရှိရန် တောင်းဆိုလျက်ရှိသည်။ ၎င်းတို့မှ တောင်းဆိုထားသော အချက်ဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီများမှ သီးနှံများကို အနိမ့်ဆုံးသတ်မှတ်ဈေးအတိုင်း ဝယ်ယူရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ကိစ္စကိုမူ အစိုးရအနေဖြင့် လတ်တလောသဘောတူညီထားခြင်း မရှိသေးပေ။ တောင်သူလယ်သမားများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများမှ ၎င်းတို့၏ သီးနှံများကို ဈေးနှုန်းအနိမ့်ဖြင့် ဝယ်ယူသွားဖွယ်ရှိသည့်အခြေအနေမှ အကာအကွယ်ပေးရန် အဆိုပါ ဥပဒေပြဋ္ဌာန်းပေးရေး အစိုးရထံ တိုက်တွန်းတောင်းဆိုသွားမည်ဖြစ်သည်။

ဆန္ဒပြခေါင်းဆောင်များအနေဖြင့် အစိုးရ၏ အဆိုပါကမ်းလှမ်းချက်အပေါ် စဉ်းစားသုံးသပ်ရန် အချိန်အနည်းငယ်လိုအပ်ကြောင်းနှင့် အကယ်၍ ၎င်းအား လက်သင့်မခံပါက ယခုလ ၂၁ ရက်နေ့တွင် ဆန္ဒပြမှုများ ပြန်လည်စတင်သွားရန် စီစဉ်ထားကြောင်း သိရသည်။ အစိုးရအနေဖြင့် သီးနှံဈေးနှုန်းအတွက် အာမခံချက်ပေးရန် တစ်စိတ်တစ်ပိုင်း သဘောတူညီထားသော်လည်း တောင်သူလယ်သမားများကမူ ကြွေးမြီများလျှော်ပေးရန်နှင့် မြေယာဝယ်ယူမှုဆိုင်ရာပုံသေနည်း(land acquisition formula) အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် စသည့် သီးနှံဈေးကွက်တစ်ခုလုံး အကာအကွယ်ရရှိနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုလျက်ရှိသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှ ထောင်နှင့်ချီသော တောင်သူလယ်သမားများမှ ချီတက်ဆန္ဒပြမှု ရက်သတ္တပတ် ကြာမြင့်သည့်အချိန်၊ ယခုလ ၁၈ ရက် ညနေပိုင်း၌ အစိုးရနှင့် တောင်သူလယ်သမား ထုအကြား ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆန္ဒပြ တောင်သူများသည် ယခုလ (၁၂) နေ့မှစတင်၍ နယူးဒေလီမြို့တော်သို့ ဦးတည်၍ Punjab ပြည်နယ်နှင့် Haryana ပြည်နယ် နယ်စပ်အထိ ချီတက်စုဝေးလာကြရာ အိန္ဒိယရဲတပ်ဖွဲ့မှ သံဆူးကြိုးများ၊ ကွန်ကရစ်တုံးများဖြင့် တားဆီးပိတ်ဆို့ထားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရမှ သီးနှံငါးမျိုးအား လာမည့် (၅) နှစ်အထိ အနိမ့်ဆုံးထောက်ပံ့ ဈေးနှုန်း အတိုင်း ဝယ်ယူသွားရန် အဆိုပြုကမ်းလှမ်းချက်အပေါ် တောင်သူလယ်သမားများမှ လက်ခံရန် စဉ်းစားလျက်ရှိသည့်အတွက် ဆန္ဒပြပွဲများ ခေတ္တရပ်နားထားသည့် အခြေအနေဖြစ်ပါသည်။ အကယ်၍ အစိုးရမှ ၎င်းတို့ တောင်းဆိုထားသော အခြားအချက်များကို သဘောတူလိုက်လျောပေးခြင်း မရှိပါက ဆန္ဒပြပွဲများ ပြန်လည် စတင်သွားရန် ဆုံးဖြတ်ထားဟန်ရှိပါသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော တောင်သူလယ်သမားမှ ဆန္ဒပြပွဲများ ခေတ္တရပ်နားထားသည့်အခြေအနေနှင့် ၎င်းတို့နှင့် အိန္ဒိယအစိုးရအကြား သဘောတူညီမှုရရှိရေး စေ့စပ်ညှိနှိုင်းလျက်ရှိသည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်းချက်။ (၁) The Hindu Businessline သတင်းဌာန၊ "Centre proposes 5-year guaranteed procurement at MSP for 5 crops - cotton, maize, tur, urad and masur"၊ (၂) Bloomberg သတင်းဌာန၊ "Indian Farmers Pause Protests to Review Government Crop Deal"၊

.....................................................................................................

## အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်ပို့မှု ၁၉ ရာခိုင်နှုန်းမြင့်တက်ကာ အစေ့အနံ့တင်ပို့မှု ၂၅ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်ကို ဆော်ဒီအာရေဗီးယားနှင့် အီရတ်နိုင်ငံတို့ကဲ့သို့ နိုင်ငံများမှ အဝယ်လိုက်လာသည့်အတွက် လက်ရှိ ၂၀၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ၎င်းဆန် တင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံအထိရရှိခဲ့ကာ လွန်ခဲ့သောနှစ် ကာလတူက ကန်ဒေါ်လာ ၃ ဒသမ ၃၃ ဘီလီယံသာရရှိခဲ့သည့်အတွက် ၁၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (The Agricultural and Processed Foods Exports Development Authority-APEDA) မှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ပမာဏအားဖြင့် အဆိုပါဆန်တင်ပို့သည် ၂၀၂၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ တန်ချိန် ၃ ဒသမ ၅၄ သန်းရှိခဲ့ပြီး ယခင်နှစ်ကာလတူက တန်ချိန် ၃ ဒသမ ၁၉ သန်းသာတင်ပို့နိုင်ခဲ့သည့်အတွက် ၁၁ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို လတ်တလော ကန့်သတ်ထားသည့်အတွက် ယခုနှစ်တွင် ၎င်းဆန်တင်ပို့မှု ကန်ဒေါ်လာ ၃ ဒသမ ၃၄ ဘီလီယံရှိပြီး၊ ယခင်နှစ်က ၄ ဒသမ ၆၆ ဘီလီယံရှိခဲ့သည့်အတွက် ၂၈ ရာခိုင်နှုန်းကျဆင်းသွားသည်။

APEDA မှ စောင့်ကြည့်လေ့လာမှုအရ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှုစုစုပေါင်းသည် ကန်ဒေါ်လာ ၁၇ ဒသမ ၈၈ ဘီလီယံရှိပြီး လွန်ခဲ့သောနှစ်က ၁၉ ဒသမ ၆၈ ဘီလီယံ ရှိခဲ့သည့်အတွက် ၉ ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း အနှံ (cereals) နှင့် သီဟိုဠ်စေ့တို့မှလွဲ၍ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ပြုပြင်ပြီးစားသောက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များနှင့် အစေ့များကဲ့သို့ အခြားထုတ်ကုန်အမျိုးအမယ်အားလုံး တင်ပို့မှုတိုးတက်ခဲ့သည်။

မွေးမြူရေးထုတ်ကုန်များအနက် ကျွဲသားတင်ပို့မှု ကန်ဒေါ်လာ ၂ ဒသမ ၇၈ ဘီလီယံရှိပြီး ၁၅ ဒသမ ၆၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ကြက်သားထွက်ကုန်များတင်ပို့မှုမှာ ကန်ဒေါ်လာ ၁၃၀ ဘီလီယံရှိကာ ၃၆ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သို့သော် နို့နှင့်နို့ထွက်ပစ္စည်းများတင်ပို့မှုမှာမူ ယခုနှစ်တွင် ၃၂၇ သန်းရှိပြီး၊ လွန်ခဲ့သောနှစ်က ၄၇၁ သန်းရှိခဲ့သည့်အတွက် ၃၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံ (Pulses) တင်ပို့မှုမှာ ကန်ဒေါ်လာ ၄၅၄ သန်းရှိပြီး လွန်ခဲ့သောနှစ်ကာလတူက ကန်ဒေါ်လာ ၄၃၆ သန်းရှိခဲ့သည့်အတွက် ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ပြုပြင်ပြီး ဟင်းသီးဟင်းရွက်တင်ပို့မှု ကန်ဒေါ်လာ ၄၅၄ သန်းရှိပြီး လွန်ခဲ့သောနှစ်က ၃၆၆ သန်းရှိခဲ့သည့်အတွက် ၂၄ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။ ပြုပြင်ပြီး သစ်သီးနှင့် သစ်သီးဖျော်ရည်တင်ပို့မှုမှာ ယခုနှစ်တွင် ကန်ဒေါ်လာ ၆၉၆ သန်းရှိပြီး၊ လွန်ခဲ့သောနှစ်က ၆၇၀ သန်းရှိခဲ့သည့်အတွက် ၄ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မြေပဲဆံတင်ပို့မှုသည် ကန်ဒေါ်လာ ၆၀၆ သန်းရှိပြီး လွန်ခဲ့သောနှစ်က ၅၆၃ သန်းသာရှိသည့်အတွက် ၇ ဒသမ ၆ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကာ ပဲမှုန့်တစ်မျိုး (guar gum) တင်ပို့မှုသည် ကန်ဒေါ်လာ ၃၈၄ သန်းရှိပြီး ယခင်နှစ်က ၄၉၆ သန်းရှိသည့်အတွက် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သီဟိုဠ်စေ့တင်ပို့မှုမှာ ကန်ဒေါ်လာ ၂၄၉ သန်းသာရှိကြောင်း သိရသည်။

သို့ပါ၍ ၂၀၂၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ (၉) လတာကာလအတွင်း အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်ပို့မှုတိုးတက်ပြီး၊ ဆန်ဖြူတင်ပို့မှုကျဆင်းကာ နှံစားသီးနှံနှင့် သီဟိုဠ်စေ့ တင်ပို့မှု ကျဆင်းခဲ့ပါသည်။ ပဲမျိုးစုံ (Pulses) ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပြုပြင်ပြီး စားသောက်

Agribusiness & Trade

ကုန်များ၊ မွေးမြူရေးထုတ်ကုန်များတင်ပို့မှုတိုးတက်ကာ နို့နှင့် နို့ထွက်ပစ္စည်းတင်ပို့မှု ကျဆင်းခဲ့ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်းချက်။** The Hindu Businessline သတင်းဌာန၊ "India's basmati rice exports up 19% in April–Dec at $3.97 billion"၊

## ကြက်သွန်နီပြည်ပတင်ပို့မှုပြန်လည်ခွင့်ပြုသွားမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ယခင်က ပိတ်ဆို့ကန့်သတ်ခဲ့သော ကြက်သွန်နီပြည်ပတင်ပို့မှုကို ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ပြီး၊ မကြာမီ ရက်ပိုင်းအတွင်း တရားဝင် ထုတ်ပြန်ကြေညာသွားမည်ဟု အိန္ဒိယအစိုးရ ကျန်းမာရေး၊ မိသားစု ဖူလုံရေးနှင့် လူမျိုးစုရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မဟာရာ့ရှ်ထရာပြည်နယ် နာရှစ်ခရိုင်၊ Dindori မြို့ လွှတ်တော်အမတ်ဖြစ်သူ Bharti Pawar က ပြောကြားခဲ့သည်။ ၎င်းက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး Amit Shah ဦးဆောင်ကျင်းပသော ဗဟိုအစိုးရဝန်ကြီးများအစည်းအဝေးတွင် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကြက်သွန်နီ၏ ပြည်တွင်းလက်ကားဈေးနှုန်းများတည်ငြိမ်စေရန်နှင့် ကြက်သွန်နီ ဝယ်လိုအားကို ထိန်းသိမ်းရန်အလို့ငှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ကစတင်၍ ယခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အဆိုပါထုတ်ကုန်အား ပြည်ပတင်ပို့ခွင့် ကန့်သတ်ပိတ်ပင်ထားခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဗဟိုအစိုးရဝန်ကြီးများ အစည်းအဝေးကို ယခုလ (၁၈) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီး၊ အဆိုပါ ထုတ်ကုန် ပြည်ပတင်ပို့ခွင့် ကန့်သတ်ချက်အား ပြန်လည်ရုပ်သိမ်းသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အရေအတွက် မည်ရွေ့မည်မျှအထိ တင်ပို့ခွင့်ပြုသွားမည်နှင့် အခြား လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပေးသွားမည်ဟုဆိုသည်။

အစိုးရ၏ အဆိုပါဆုံးဖြတ်ချက်ကြောင့် ကြက်သွန်နီတောင်သူများအနေဖြင့် ကြီးစွာသက်သာခွင့် ရရှိကာ ပြည်ပတင်ပို့မှုပြန်လည်စတင်သည်နှင့်တစ်ပြိုင်နက် ကြက်သွန်နီ လက်ကားဈေးနှုန်းများအပေါ် ကောင်းသည့် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများရှိလာမည် ဖြစ်ကြောင်းနှင့် တောင်သူများအတွက် ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

Agribusiness & Trade

ပြည်ထဲရေးဝန်ကြီး Amit Shah မှ ကမကထပြုဆောင်ရွက်သည့် ဗဟိုအစိုးရဝန်ကြီးများ အစည်းအဝေးက ကြက်သွန်နီပြည်ပတင်ပို့မှုကို တန်ချိန် ၃ သိန်းအထိ ခွင့်ပြုဖို့သဘောတူထားကြောင်း၊ အစိုးရက ကြက်သွန်နီ ပြည်ပတင်ပို့ခွင့်ပိတ်ပင်ခဲ့သည့်အတွက် ပြည်တွင်းလက်ကားဈေးနှုန်းများ ထိုးကျသွားခဲ့ကြောင်း၊ ယခုအခါ အစိုးရမှ ယခုကဲ့သို့ ပြန်လည်တင်ပို့ခွင့်ပြုလိုက်သည့်အတွက် ကြက်သွန်နီ တောင်သူများအတွက် သက်သာရာရရှိနိုင်မည်ဖြစ်ကြောင်း မဟာရာ့ရှထရာပြည်နယ်စားနပ်ရိက္ခာ၊ ပြည့်သူ့ထောက်ပံ့ရေးနှင့် စားသုံးသူကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Chhagan Bhujbal က ပြောကြားခဲ့သည်။

ကြက်သွန်နီသည် အိန္ဒိယပြည်သူများ အဓိကစားသုံးသည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်ပြီး၊ နိုင်ငံရေးအရ အရေးပါသည့် သီးနှံတစ်မျိုးဖြစ်သည့်အတွက် အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်းဈေးနှုန်းများတည်ငြိမ်မှုရရှိနိုင်ရန် အစဉ်စောင့်ကြည့်လျက်ရှိပါသည်။ ယခုအခါ ယခင်က ပြည်ပတင်ပို့ခွင့်ပိတ်ပင်ကန့်သတ်ခဲ့သော အဆိုပါထုတ်ကုန်အား ပြည်ပတင်ပို့ခွင့်ပြန်လည်ခွင့်ပြုသွားမည့်အကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

**ရည်ညွှန်းချက်။** The Times of India သတင်းဌာန၊ “Amid price drop, Centre to lift ban on onion export”၊

## ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားထုတ်လုပ်မှုကျဆင်းကာ ကမ္ဘာ့သကြား ဈေးနှုန်းများမြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ခန့်မှန်း

အိန္ဒိယနိုင်ငံ၏ သကြားဈေးကွက်တွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုပြဿနာနှင့် ရင်ဆိုင်နေရပြီး စုစုပေါင်းသန့်စင်ပြီးသကြားထွက်ရှိမှု ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစိုးရအနေဖြင့် သကြားအားပြည်ပသို့တင်ပို့မှုကို ဆက်လက်ကန့်သတ်ထားဖွယ်ရှိနေပြီး၊ ယခုနှစ်အစောပိုင်းမှစ၍ ပြည်တွင်းသကြားဈေးနှုန်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။ အိန္ဒိယအပါအဝင် ကမ္ဘာ့သကြား ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ယင်းသို့ စိန်ခေါ်မှုအခက်အခဲများနှင့် ရင်ဆိုင်နေရမှုကြောင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့သကြား ဈေးနှုန်းများမြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ကခန့်မှန်းထားသည်။

လတ်တလောဖြစ်ပေါ်လျက်ရှိသော သကြားဈေးနှုန်းများမှာ နယူးယောက်ဈေးကွက် (InterContinental Exchange) တွင် သကြားကြမ်း (Rraw sugar) ၏ မတ်လကြိုရောင်းဈေးနှုန်း

Agribusiness & Trade

(Future price) မှာ ၁ ပေါင်လျှင် ၂၂ ဒသမ ၈၆ ဆင့် (၁ တန်လျှင် ရူပီး ၄၂,၁၇၅)နှင့် လန်ဒန်ဈေးကွက် (ICE Futures Europe exchange) တွင် သကြားဖြူ (White sugar) ၏ မတ်လ ကြိုရောင်းဈေးနှုန်း (Future price) မှာ ၁ တန်လျှင် ကန်ဒေါ်လာ ၆၅၂ ဒသမ ၅၀ (၁ တန်လျှင် ရူပီး ၅၄,၁၇၅) ရှိကြောင်း သိရသည်။

ကမ္ဘာ့အများဆုံးသကြားတင်ပို့သည့်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံသည် ယခုနှစ်တွင် သကြားကို စံချိန်တင်ထုတ်လုပ်နိုင်ဖွယ်ရှိသည့်အတွက် ကမ္ဘာ့သကြားဈေးကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ သို့သော် ဘရာဇီးနိုင်ငံ၏ အဓိက သကြားထုတ်လုပ်ရာ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ကြုံတွေ့နေရသည့်အတွက် ဈေးကွက်အခြေအနေအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း စိုးရိမ်မှုများရှိနေသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလက ဘရာဇီးနိုင်ငံမှ သကြားတင်ပို့မှုတိုးမြင့်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံမှ အီသနောထုတ်လုပ်မှု၌ ကြံရည်ကို သုံးစွဲခြင်းမပြုရန်တားမြစ်ခဲ့သည့်အတွက် ကမ္ဘာ့သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။ သို့သော် အာရှနိုင်ငံအများအပြားတွင် အယ်နီညိုကြောင့် ရာသီဥတုခြောက်သွေ့ကာ သကြားထုတ်လုပ်မှုလျော့ကျလာသည့်အတွက် ဒီဇင်ဘာလနှောင်းပိုင်းမှစ၍ သကြားဈေးပြန်လည်မြင့်တက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဒုတိယ သကြားအများဆုံးထုတ်လုပ်သည့် ထိုင်းနိုင်ငံတွင် သကြားထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းအထိကျဆင်းဖွယ်ရှိကာ အိန္ဒိယနိုင်ငံတွင် ၃ ရာခိုင်နှုန်းကျော်ကျဆင်းဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

သို့သော် ကမ္ဘာ့သကြားဈေးကွက်တွင် မျှခြေသို့ပြန်လည်ရောက်ရှိကာ ရောင်းလိုအား အနည်းငယ် ပိုလျှံလာဖွယ်ရှိကြောင်း ခန့်မှန်းမှုများရှိနေသည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သကြားထုတ်လုပ်မှု ကျဆင်းလာမှုကို တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားတိုးမြှင့်ထုတ်လုပ်မှုက ကာမိဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ထို့အပြင် ကမ္ဘာ့သကြားဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဘရာဇီးနိုင်ငံမှ သကြားစက်ရုံများအနေဖြင့် အီသနောထုတ်လုပ်မည့်အစား သကြားကို အစားထိုး၍ ပိုမိုတိုးမြှင့်ထုတ်လုပ်လာဖွယ်ရှိသည်။

ယခုနှစ်တွင် ကမ္ဘာ့သကြားထုတ်လုပ်မှု တန်ချိန် ၁၈၅ ဒသမ ၅ သန်းရှိကာ ယခင်နှစ်ကထက် တန်ချိန် ၈ ဒသမ ၂ သန်းတိုးမြင့်လာဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) က ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ခန့်မှန်းထားသည်။ ဈေးကွက်သုတေသနလုပ်ငန်းတစ်ခုဖြစ်သော BMI ကလည်း ယခုနှစ် ကမ္ဘာ့သကြား ရောင်းလိုအားသည် တန်ချိန် ၁၈၂ သန်းရှိကာ ယခင်နှစ်ကထက် ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ယခုနှစ် ကမ္ဘာ့သကြားစားသုံးမှုမှာ တန်ချိန် ၁၈၀ ဒသမ ၄ သန်းရှိကာ ယခင်နှစ်ကထက် ၀.၈ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှု ၅ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိပြီး၊ အခြားသကြားစားသုံးသည့် နိုင်ငံများတွင်မူ ယခင်အတိုင်း ပြောင်းလဲဖွယ်မရှိဟု BMI က ခန့်မှန်းထားသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့သကြားဈေးနှုန်းနှင့် စားသုံးမှုတိုးမြင့်လာဖွယ်ရှိကာ အယ်နီညို ရာသီဥတုကြောင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ သကြားထုတ်လုပ်တင်ပို့မှုကျဆင်းဖွယ်ရှိပြီး၊ တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားပိုမိုထုတ်လုပ်တင်ပို့လာဖွယ်ရှိပါသည်။ ကမ္ဘာ့ဘဏ်အပါအဝင် ကျန်အဖွဲ့အစည်းများမှ ကမ္ဘာ့သကြားဈေးကွက်ခန့်မှန်းချက်များကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်းချက်။ The Hindu Businessline သတင်းဌာန၊ “Sugar prices likely to rule lower than 2023 on higher output prospects”၊

……………………………………………………………………………………………………

## အိန္ဒိယသည် နိုင်ငံအချို့သို့ ကြက်သွန်နီတင်ပို့မှုအား ခွင့်ပြု

အိန္ဒိယနိုင်ငံသည် ပြည်ပရေးရာဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် နိုင်ငံအချို့သို့ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုကို အခြေခံပြီး ကြက်သွန်နီတင်ပို့မှုကို ခွင့်ပြုခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မောရစ်ရှပ်၊ ဘာရိန်း၊ ဘူတန်နှင့် နီပေါတို့အပါအဝင် နိုင်ငံအချို့သို့ ကြက်သွန်နီများကို အစိုးရက အကန့်အသတ်ဖြင့် တင်ပို့ခွင့်ပြုထားကြောင်း၊ ကြက်သွန်နီတင်ပို့မှုကို နှစ်နိုင်ငံဆက်ဆံရေးအတွက် ခွင့်ပြုခြင်းဖြစ်သော်လည်း ကြက်သွန်နီတင်ပို့မှု အလုံးစုံတားမြစ်ချက်ကို ရုတ်သိမ်းရန်ဆုံးဖြတ်ချက်မချရသေးကြောင်း အမည်မဖော်လိုသူ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားထားကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး ကြက်သွန်တင်ပို့သည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုနှင့် ရှားပါးမှုတို့ကြောင့် 2023 ခုနှစ် ဒီဇင်ဘာလမှ 2024 ခုနှစ် မတ်လအထိ မီးဖိုချောင်သုံးမရှိမဖြစ်ဖြစ်သည့် ကြက်သွန်နီတင်ပို့မှုကို တားမြစ်ခဲ့ပြီး ယင်းကြောင့် အိမ်နီးချင်းနိုင်ငံများတွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများသည် 2023 ခုနှစ် ဩဂုတ်လတွင် မြင့်တက်လာခြင်းကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တင်ပို့မှုလျော့ချနိုင်ရန်အတွက် ပို့ကုန်အခွန် ၄၀ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံခဲ့ပါသည်။ သို့ရာတွင် ကုန်သည်များက အရောင်းအဝယ်သဘောတူညီချက် အမှာစာများတွင် တန်ဖိုးလျှော့ဖော်ပြမှုများကြောင့် အကျိုးသက်ရောက်မှု မရရှိခဲ့သဖြင့် အစိုးရက ကြက်သွန်နီတစ်တန်လျှင် အနည်းဆုံးပို့ကုန်ဈေးနှုန်း ကန်ဒေါ်လာ ၈၀၀ ကို အောက်တိုဘာလ ၂၈ ရက်နေ့မှ စတင်သတ်မှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့ပြင် မဟာရက်ရှ်ထရာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ကြက်သွန်ထွက်ရှိမှု အမြင့်ဆုံးရာသီဖြစ်သည့် နိုဝင်ဘာလတွင် ကျဆင်းခဲ့ပြီး ဈေးနှုန်းများမြင့်တက်ခဲ့မှုကြောင့် ပြည်ပသို့တင်ပို့ရောင်းချမှုကို အစိုးရက ဒီဇင်ဘာ ၈ ရက်နေ့ တွင်တားမြစ်မှုအား ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းကြောင့် ကြက်သွန်နီဈေးသည် အိန္ဒိယ၏ ကြက်သွန်အဓိကစိုက်ပျိုးသည့်ဒေသဖြစ်သည့် နာရှိခ် လက်ကားဈေးတွင် တစ်ကီလိုလျှင် ၄၀ ရူပီးကျော်ရှိရာမှ ၁၃ ရူပီးခန့်အထိ ကျဆင်းသွားသောကြောင့် တင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းပေးရန် ကြက်သွန်စိုက်ပျိုးသူများက နှစ်လကြာ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

ကြက်သွန်နီဈေးနှုန်းများမြင့်တက်ပေးခြင်းသည် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေနိုင်ပြီး လအနည်းငယ်အတွင်း ပြုလုပ်ရန်ရှိသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် အစိုးရအတွက် စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း၊ ဖေဖော်ဝါရီလအစောပိုင်းတွင် ဗဟိုအစိုးရ၏ အရာရှိအဖွဲ့တစ်ဖွဲ့သည် မဟာရက်ရှ်ထရာ ပြည်နယ်ရှိ ကြက်သွန်စိုက်ပျိုးသည့်ဒေသများသို့ သွားရောက်ခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့သည် ပို့ကုန်ပိတ်ပင်မှုနှင့်ပတ်သက်၍ အစိုးရထံ အကြံပြုချက်ပေးနိုင်ရန် မျှော်လင့်လျှက်ရှိကြောင်း သိရှိရသည်။

တစ်ချိန်တည်းတွင်ပင် ပို့ကုန်လုပ်ငန်းရှင်ကြီးအချို့က အစိုးရထံ ပေးပို့သောစာတွင် ကြက်သွန်နီတင်ပို့မှုကိုလုံးဝတားမြစ်မည့်အစား အစိုးရကပြည်ပသို့တင်ပို့ခွင့်ကို ကန့်သတ် ခွင့်ပြုသင့်ကြောင်း၊ ပြည်ပသို့တင်ပို့မှုရှိမှသာ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသိသိသာသာ မြင့်တက်လာမည်ဖြစ်ကြောင်း အကြံပြုထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် ကြက်သွန်နီအား ပြည်ပနိုင်ငံအချို့သို့ အစိုးရချင်း ညှိနှိုင်းတင်ပို့ခွင့်ပြုနေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် ပြည်တွင်းစားသုံးသူများအတွက် ကြက်သွန်နီဈေးနှုန်းကြီးမြင့်မှုအား ထိန်းချုပ်နိုင်ရန် အစိုးရက မူဝါဒများချမှတ် ဆောင်ရွက်ခဲ့ရာတွင် ဈေးနှုန်းများကျဆင်းသွားသော်လည်း တစ်ဖက်တွင် စိုက်ပျိုးသူတောင်သူများအပေါ်တွင် တန်ပြန်သက်ရောက်မှုများရှိခဲ့သဖြင့် အစိုးရအနေဖြင့် အခက်အခဲများရင်ဆိုင်နေရသည်ကို တွေ့ရှိရသောကြောင့်

မူဝါဒများချမှတ်ရာတွင် တန်ပြန်သက်ရောက်နိုင်မှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန် အရေးကြီးမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India allows export of onions to select nations, The Economic Times.

## အိန္ဒိယသည် အချို့သော ဆန်မျိုးကွဲများအတွက် HSN Code များ ဖော်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိ

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ စားသုံးမှုမရှိသော ဆန်စပါးမျိုးများကို ပြည်ပသို့တင်ပို့နိုင်ရန် အတွက် အချို့သော ဆန်မျိုးကွဲများအတွက် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း စည်းဝါးညီစနစ် (Harmonized System of Nomenclature–HSN) ကုဒ်များ ဟုခေါ်သော အကောက်ခွန် ကုဒ် အသစ်များဖော်ထုတ်ရန် လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြီးခဲ့သည့်အင်္ဂါနေ့တွင် ပြော ကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အမျိုးအစားအားလုံးကို တင်ပို့ ခွင့်ပိတ်ပင်ထားပြီး စိုက်ပျိုးရေးနှင့်စားသောက်ကုန်များပြည်ပတင်ပို့ရောင်းချမှု တိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) သည် ဆန်နီ၊ ဆန်နက်နှင့် ကလန်နမတ်ဆန် ( Kalanamak Rice) ကဲ့သို့ သော GI (ပထဝီဝင် အညွှန်းများ) တံဆိပ်ပါသော ဆန်မျိုးကွဲများအတွက် သီးခြား HSN ကုဒ်များကို အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်းသိရသည်။

ကုန်သွယ်ရေးဌာနမှ Additional Secretary ဖြစ်သူ Rajesh Agarwal က အိန္ဒိယတွင် ဘာစမာတီမဟုတ်သည့် ဆန် အမျိုးအစားပေါင်း ၄၀–၅၀ ရှိကြောင်း၊ အစိုးရက ဘာစမာတီ မဟုတ် သည့် ဆန်ဖြူတင်ပို့မှုအား တားမြစ်လိုက်သည့်အခါတွင် Sona Masuri၊ Govind Bhog၊ Kalanamak စသည့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူအမျိုးအစားများ တင်ပို့မှုကို များစွာထိခိုက်မှုရှိစေခဲ့ ကြောင်း၊ တစ်ချို့သောဆန်မျိုးကွဲအချို့အတွက် HSN ကုဒ်အသစ်ကို ဖော်ထုတ်ရခြင်းသည် စက်မှု လက်မှုလုပ်ငန်းရှင်များမှ တောင်းဆိုခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းရှင်များနှင့် အသေးစိတ်ညှိနှိုင်းပြီး နောက် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ပြင် ဆန်တင်ပို့မှုတားမြစ်ပိတ်ပင်မှုကြောင့် နိုင်ငံ၏အဓိကအစားအစာဖြစ်သည့် ပုံမှန်စပါး မျိုးများအား ဆက်လက်စိုက်ပျိုးထုတ်လုပ်ရန် လယ်သမားတွေအတွက် လုံလောက်သည့် မက်လုံး၊ ဆွဲဆောင်မှုများရှိ/မရှိ သိရှိနိုင်ရန် စောင့်ကြည့်လေ့လာလျှက်ရှိကြောင်း၊ လက်ရှိတွင် ဘာစမာတီမ

ဟုတ်သောဆန်အတွက် HSN Code ခြောက်ခုနှင့် ဘာစမာတီဆန်အတွက် HSN Code တစ်ခုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ပင်လယ်နီဒေသ အကျပ်အတည်းသည် အိန္ဒိယ၏ဆန်တင်ပို့မှုအပေါ် ကြီးမားသောသက်ရောက်မှုများရှိလာနိုင်ကြောင်း၊ အစိုးရက ဆန်၊ သကြားနှင့် ဂျုံတင်ပို့မှု ကန့်သတ်ချက်များကြောင့် အိန္ဒိယ၏ လယ်ယာထွက်ကုန်တင်ပို့မှုမှာ ၉ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သော်လည်း အိန္ဒိယအနေဖြင့် ဝက်မြေဥ (Water Chestnut) နှင့် ကြာစေ့ ( Makhana – fox nut ) ကဲ့သို့သော ကုန်စည်အမျိုးအစားသစ်များကို စတင်တင်ပို့မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၂–၂၃ တွင် ဆန်တန်ချိန် ၂၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပြည်တွင်းဆန်ဖြူ ပိုလျှံမှုရှိ/မရှိ မသေချာသေးသည့်အတွက် ဘာစမာတီမဟုတ်သည့် ဆန်ဖြူများ တင်ပို့နိုင်မည် မဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

APEDA ဥက္ကဋ္ဌ Abhishek Dev ၏ ပြောကြားချက်အရ အိန္ဒိယ၏ လယ်ယာထွက်ကုန်များ တင်ပို့မှုသည် 1987–88 တွင် ကန်ဒေါ်လာ 0.6 ဘီလီယံ သာရှိခဲ့ရာမှ 2022–23 ခုနှစ်တွင် ကန်ဒေါ်လာ 26.7 ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ အိန္ဒိယသည် နိုင်ငံပေါင်း 200 ကျော်သို့ တိုးချဲ့တင်ပို့ခဲ့ပြီး ယခုအခါ လတ်ဆတ်သော သစ်သီးဝလံများကို နိုင်ငံပေါင်း 111 နိုင်ငံသို့ တင်ပို့လျှက်ရှိကြောင်း၊ ပြည်ပတင်ပို့သည့်အဖွဲ့အစည်းများသည် သရက်သီးနှင့်သလဲသီးများကို ပင်လယ်ရေကြောင်းမှ တစ်ဆင့် အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ စမ်းသပ်တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ ပထဝီဆိုင်ရာညွှန်ပြချက် (GI) ရရှိထားသော ဆန်မျိုးကွဲများအတွက် HSN ကုဒ် အသစ်များဖော်ထုတ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးကြိုးပမ်းနေမှု အခြေအနေ၊ ဝက်မြေဥ၊ ကြာစေ့ ကဲ့သို့သော အစေ့အစံကုန်စည်အသစ်များအား ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့နေမှုအခြေအနေများကို သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပတင်ပို့ရန် အလားအလာရှိသော လယ်ယာစိုက်ပျိုးရေးထုတ်ကုန်သစ်များကို ဖော်ထုတ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India working to develop HSN codes for certain varieties of rice, The Economic Times.

…………………………………………………………………………………………………..

## တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အေးခဲထားသော အုန်းရည်ထုတ်ကုန်များနှင့်ပတ်သက်၍ သတိပေးချက် ထုတ်ပြန်လိုက်

ဗီယက်နမ်နိုင်ငံမှ တင်သွင်းလာသည့် အေးခဲထားသော အုန်းရည် ထုတ်ကုန်များတွင် coliform bacteria၊ တဆေးနှင့် မှိုများ ပါဝင်မှုအဆင့်သည် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်း လုံခြုံရေးသတ်မှတ်ချက်များထက် ပိုမိုနေသည်ကို တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China –GACC)မှ စစ်ဆေးတွေ့ရှိခဲ့ ကြောင်း ဗီယက်နမ်မီဒီယာများ၏ ဖော်ပြချက်အရ သိရှိရပါသည်။

အဆိုပါ ပြဿနာများ၏ မူလဇစ်မြစ်မှာ ကုမ္ပဏီများမှ အကောင်အထည်ဖော်သည့် အစား အစာဘေးကင်းမှု ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း GACC က ထောက်ပြခဲ့ပြီး လို အပ်ပါက အဆိုပါကုမ္ပဏီများကို အွန်လိုင်းစစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် တရုတ်အစိုး ရကလည်း ဗီယက်နမ်အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီများကို စစ်ဆေးမှုများ ပိုမိုလုပ် ဆောင်ပေးရန် တောင်းဆိုထားကြောင်း သိရှိရပါသည်။

ဗီယက်နမ်အမျိုးသားစိုက်ပျိုးရေးစီမံကိန်းနှင့် ခန့်မှန်းရေးအဖွဲ့၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ အုန်းပင်စိုက်ပျိုးဧရိယာသည် ယခုအခါ ဟက်တာ (၁၈၈,၀၀၀)ကျော်ရှိကြောင်း၊ ဗီယက်နမ်တွင် အထင်ရှားဆုံး အုန်းသီးထွက်ရှိရာ ဒေသဖြစ်သည့် Ben Tre ပြည်နယ်တွင် စိုက်ပျိုး ဧရိယာမှာ ခန့်မှန်းခြေအားဖြင့် ဟက်တာ (၇၈,၀၀၀)ရှိပြီး နှစ်စဉ် အုန်းသီးအလုံးရေ သန်း (၈၀၀) နီးပါး ထုတ်လုပ်နိုင်ပြီး နှစ်စဉ် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း (၂၀၀)ရရှိကြောင်း၊ အုန်းသီး ထုတ်ကုန်များသည် အဆိုပါပြည်နယ်၏ စက်မှုထုတ်လုပ်မှုတန်ဖိုး၏ (၂၀)ရာခိုင်နှုန်းနှင့် စုစုပေါင်း ပို့ကုန် တန်ဖိုး၏ (၂၅)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

လက်ရှိတွင် ဗီယက်နမ်မှ လတ်ဆတ်သော အုန်းသီးများကို တရားဝင်ကုန်သွယ်မှုလမ်း ကြောင်းမှ တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်မပြုဘဲ အသေးစားနယ်စပ်ကုန်သွယ်ရေးအစီအစဉ်များဖြင့် သာ တင်သွင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် GACC သည် ဗီယက်နမ်ရှိ အုန်းခြံများကို စစ်ဆေးရန် ဝန်ထမ်းများကို စေလွှတ်ခဲ့ကြောင်း၊ လတ်ဆတ်သောအုန်းသီး၊ အေးခဲထားသော သစ်သီးထုတ်ကုန် များ၊ citrus နွယ်ဝင်အသီးများ ၊ ထောပတ်သီး၊ သကြားပန်းသီး၊ ဖယောင်း ပန်းသီး၊ ကြက်/ဝက်နှင့် မွေးမြူရေးထွက်ကုန်များ အပါအဝင် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးအတွက် ဈေး ကွက်ရရှိရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ မြှင့်တင်သွားမည်ဟု ၂၀၂၃ ခုနှစ်ကုန်တွင် နှစ်နိုင်ငံ အစိုးရများက ပူးတွဲထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဗီယက်နမ်အုန်းသီးများအတွက် တရုတ်ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန် မျှော်လင့်ထားသဖြင့် ဗီယက်နမ်အုန်းသီးအသင်းသည် ယခုနှစ်အတွက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁)ဘီလီယံရရှိရန် ရည်မှန်းချက် ချမှတ်ထားကြောင်း၊ အသင်း၏အဆိုအရ ဗီယက်နမ်ရှိ လုပ်ငန်းပေါင်း (၂၀)ခန့်သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့် ဒေသ (၃၅) ခုသို့ အုန်းသီးတင်ပို့ရန် အရည်အချင်းပြည့်မီကြောင်းနှင့် အမေရိကန်နှင့် တရုတ်ဈေးကွက်များသို့ အုန်းသီးများ မကြာမီတင်ပို့နိုင်မည်ဖြစ်ရာ လုပ်ငန်းရှင်များသည် ကမ္ဘာ့ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ အုန်းသီးစိုက်ပျိုးဧရိယာများကို တက်ကြွစွာတိုးချဲ့ကာ စိုက်ပျိုးဧရိယာကုတ်နံပါတ်များကို မှတ်ပုံတင်လျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/china-issues-warnings-over-vietnamese-frozen-coconut-juice-products](https://www.producereport.com/article/china-issues-warnings-over-vietnamese-frozen-coconut-juice-products)

..........................................................................................................

## တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreements-FTA) များ (၂၉)ခုအထိ ရှိလာ

တရုတ်နိုင်ငံသည် ယခုနှစ်ဇန်နဝါရီလကုန်အထိ နိုင်ငံနှင့်ဒေသပေါင်း (၂၉)ခုနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် အစိုးရ၏အချက်အလက်များအရ တရုတ်နှင့် FTA မိတ်ဖက်များအကြား ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံ၏စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုတန်ဖိုး၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် FTA ညှိနှိုင်းမှုနှင့် လက်မှတ်ရေးထိုးမှုနှစ်ခုစလုံးတွင် အောင်မြင်မှုများကို ပြုလုပ်နိုင်ခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ်တွင် အီကွေဒေါ၊ နီကရာဂွါနှင့် ဆားဘီးယားတို့နှင့် FTAs များ လက်မှတ်ရေးထိုးခဲ့သည့်အပြင် တရုတ်-စင်ကာပူ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်ကို ထပ်မံ အဆင့်မြှင့်တင်ရန် protocol တစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဟွန်ဒူးရပ်စ်နှင့် FTA ကနဦးညှိနှိုင်းမှုများတွင် သိသိသာသာတိုးတက်မှုများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဆိုအရ တရုတ်-နီကရာဂွါ FTA သည် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို Negative List ဖြင့် ခွင့်ပြုခဲ့သည့် တရုတ်နိုင်ငံ၏ ပထမဆုံး FTA ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် တရုတ်-စင်ကာပူ FTA ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နှစ်ဖက်စလုံးမှ Negative List ပုံစံဖြင့် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဈေးကွက်

ဖွင့်ရန် ကတိကဝတ်ပြုထားပြီး ဒစ်ဂျစ်တယ်စီးပွားရေးကဲ့သို့သော ထွန်းသစ်စကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသူများနှင့် ဝန်ဆောင်မှုပေးသူများအတွက် ပိုမိုကြီးမားသောဈေးကွက် အခွင့်အလမ်းများကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်မှုကွန်ရက်များကို ဆက်လက်တိုးတက်စေရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် မူဝါဒနှင့်အကျုံးဝင်သည့် ကုန်စည်များကို တိုးချဲ့ရန် ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ Negative List ကို အသုံးပြု၍ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဈေးကွက်ဖွင့်လှစ်ခြင်းအား ပိုမိုမြှင့်တင်ရန်အတွက် ဆက်သွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော ကဏ္ဍများကို ဈေးကွက်ပိုမိုဖွင့်လှစ်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

FTA စေ့စပ်ညှိနှိုင်းမှုအသစ်တွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော စီးပွားရေး၊ စံချိန်စံညွှန်းနှင့် အသိအမှတ်ပြုလက်မှတ်များအပြင် အစိုးရဝယ်ယူရေးအပါအဝင် စံနှုန်းမြင့်သော စီးပွားရေးနှင့်ကုန်သွယ်မှုစည်းမျဉ်းများကိုလည်း ထည့်သွင်းသွားမည်ဟု ဝန်ကြီးဌာနက ထပ်လောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source:https://www.chinadaily.com.cn/a/202402/13/WS65cb10baa3104efcbdaeabfc.html

.......................................................................................................................

## တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်သစ်မော်တော်ယာဉ်ရောင်းချမှုကို လွှမ်းမိုးထား

တရုတ်နိုင်ငံ၌ စွမ်းအင်သစ်သုံးခရီးသည်တင်မော်တော်ယာဉ်များ ရောင်းချမှုသည် ယခင်နှစ်တွင် ကမ္ဘာ့စုစုပေါင်းရောင်းချမှု၏ သုံးပုံနှစ်ပုံနီးပါးရှိကြောင်း စွမ်းအင်သစ်မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ အချက်အလက်များအရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်ဈေးကွက်၌ စွမ်းအင်သစ်သုံးခရီးသည်တင်ကားအစီးရေ (၈.၈၇) သန်းကို ရောင်းချခဲ့ပြီး ၂၀၂၂ ခုနှစ်ကထက် (၃၇)ရာခိုင်နှုန်း မြင့်တက်လာကာ ကမ္ဘာလုံးဆိုင်ရာ ရောင်းအား၏ (၆၃.၅) ရာခိုင်နှုန်းရှိကြောင်း တရုတ်ခရီးသည်တင်ကားအသင်း၏ အထွေထွေအတွင်းရေးမှူး Cui Dongshu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ ကားရောင်းချမှုအားလုံးတွင် စွမ်းအင်သစ်သုံးမော်တော်ယာဉ်များ (New Energy Vehicles-NEVs)၏ အချိုးသည် ၂၀၂၃ ခုနှစ်တွင် (၃၀)ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောဖွံ့ဖြိုးတိုးတက်မှုနှင့် လျင်မြန်စွာကြီးထွားလာသော

ကားဈေးကွက်တို့အတွက် အစိုးရ၏ အရှိန်မြှင့်တွန်းအားပေးမှုကြောင့် တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်များအတွင်း NEV ဈေးကွက်သည် အားကောင်းလာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ခရီးသည်တင်ကားများသည် နိုင်ငံ၏ရောင်းအား၏ (၆၉)ရာခိုင်နှုန်းနှင့် Plug-in hybrid ကားများသည် (၃၁)ရာခိုင်နှုန်းအထိ လွှမ်းမိုးထားပြီး တရုတ် NEVs များသည် အရှေ့တောင်အာရှနှင့် ဥရောပဈေးကွက်များတွင်လည်း ရေပန်းစားနေသောကြောင့် ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် နှစ်ခုစလုံးတွင် ရောင်းအားကောင်းလာသည်ဟု Cui က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ စွမ်းအင်သစ်မော်တော်ယာဉ်(NEV) တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် တစ်နှစ်ထက်တစ်နှစ် (၇၇.၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အရေအတွက်အားဖြင့် (၁.၂)သန်းအထိ ရှိခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/20240217/d597152d3235403c8d37622397d361c0/c.html

………………………………………………………………………………………………

## တရုတ်နိုင်ငံ၏ ဗဟိုဘဏ်သည် နိုင်ငံခြားဗဟိုဘဏ်များနှင့် ငွေကြေးလဲလှယ်မှုသဘောတူညီချက် (၄၀)ခုကို လက်မှတ်ရေးထိုးထား

တရုတ်နိုင်ငံ၏ ဗဟိုဘဏ်ဖြစ်သော တရုတ်ပြည်သူ့ဘဏ် (The People's Bank of China – PBOC)သည် နိုင်ငံခြားမှ ဗဟိုဘဏ်များ (သို့မဟုတ်) ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအကြားငွေကြေးလဲလှယ်ရေးသဘောတူညီချက်(Bilateral currency swaps) (၄၀) ကျော်ကို လက်မှတ်ရေးထိုးထားကြောင်း PBOC ၏ အစီရင်ခံစာအရ သိရှိရပါသည်။

လက်ရှိတွင် Bilateral currency swaps (၃၁)ခုသည် အသက်ဝင်နေပြီး စုစုပေါင်းပမာဏ ယွမ် (၄.၁၆) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၈၆ ဘီလီယံခန့်) ရှိသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

Bilateral currency swaps ဆိုသည်မှာ နိုင်ငံတစ်ခု၏ ဗဟိုဘဏ်သည် ၎င်းနိုင်ငံ၏ ငွေကြေးကို အခြားနိုင်ငံ၏ငွေကြေးနှင့် လဲလှယ်နိုင်သည့် ငွေကြေးဆိုင်ရာအစီအစဉ်များဖြစ်ကြောင်း သိရှိရပါသည်။

ငွေလဲလှယ်မှုကုန်ကျစရိတ်များကို သက်သာစေပြီး ငွေလဲနှုန်းနှင့်ပတ်သက်သည့်စွန့်စားမှုများကို လျှော့ချပေးခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် လဲလှယ်မှုရန်ပုံငွေများကို အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံမှ ချုပ်ဆိုထားသော ငွေကြေးလဲလှယ်မှု သဘောတူညီချက်များသည် ဈေးကွက်ယုံကြည်မှုကို မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/20240216/b6aa7014d4ea420ba247a4e019b1ef9f/c.html

……………………………………………………………………………………………………

Agribusiness & Trade